GENERAL HEAD QUARTER
KAREN NATIONAL LIBERATION ARMY

ကရင်အမျိုးသား အစည်းအရုံး (KNU)

ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်

စစ်ဦးစီးချုပ်၏ သဘောထားထုတ်ပြန်ချက်

နေ့စွဲ - ၂၀၂၁ ခုနှစ်၊ ဇွန်လ ( ၉ ) ရက်။

ကရင်အမျိုးသား အစည်းအရုံး (KNU)၊ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA) သည် ကရင့်တော်လှန်ရေး သမိုင်းစဉ်တစ်လျှောက် တရားသော ခုခံစစ်ကို ကရင်အမျိုးသားများ၏ လွတ်လပ်ရေး၊ တန်းတူရေးတို့အတွက် အသက်ပေး တိုက်ပွဲဝင်လျက်ရှိပါသည်။ မြန်မာ့သမိုင်းစဉ် တစ်လျှောက်လုံးတွင်လည်း ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးတို့အတွက် အရေးပါသော အခိကနေရာမှ ပါဝင်ခဲ့သည့် ကရင်တပ်မတော် ဖြစ်ပါသည်။

ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) သည် ကရင်အမျိုးသား အစည်းအရုံး (KNU) ၏ နိုင်ငံရေးဦးဆောင်လမ်းညွှန်မှုကို အစဉ်ခံယူ လိုက်နာလျက် ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကရင်အမျိုးသားအရေးကို အစဉ်ဆောင်ရွက်လာခဲ့ရာ (၁၀-၅-၂၀၂၁) နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သော ကရင်အမျိုးသား အစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုး၏ သဘောထားအတိုင်း လိုက်နာခံယူသွားမည်ဖြစ်ကြောင်း၊ ကရင်အမျိုးသား အစည်းအရုံး (KNU) မှ သဘောတူလက်မှတ်ရေးထိုးထားသော NCA မူဘောင်များအတိုင်း တိကျစွာ လိုက်နာကျင့်သုံးသွားမည်ဖြစ်ပြီး ကရင်အမျိုးသားတပ်မတော် (KNLA) တပ်ဖွဲ့ဝင်များ အားလုံးအနေဖြင့် စစ်စည်းကမ်းများနှင့်အညီ တိကျစွာ လိုက်နာကြရန်သာဖြစ်ကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဗိုလ်ချုပ်ကြီးစောဂျော်နီ

စစ်ဦးစီးချုပ်

ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA)

ကရင်အမျိုးသား အစည်းအရုံး (KNU)